## ၁။ မိတ်ဆက်

*"သူတို့ကို အဟိတ်တိရိစ္ဆာန်တွေလို သတ်ဖြတ်ခဲ့ကြတယ်"[1]*

၁။ လက်ထုတ္တောရွာမှ ရွာသားများအား အာဏာသိမ်းစစ်ကောင်စီတပ်က ၂၀၂၄ ခုနှစ် မေလ ၁၁ ရက်နေ့တွင် တိုက်ခိုက်ခဲ့မှုအတွင်း အသက်ရှင်ကျန်ရစ်သူတစ်ဦးမှ ဖော်ပြထားချက်ဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် ရွာသားပေါင်း ၃၀ ထက်မနည်း တောတွင်းသို့ တိမ်းရှောင်ရင်း ဘေးကင်းရာ ဒေသခံ ဘုန်းကြီးကျောင်းတစ်ခုသို့ ထွက်ပြေးရာတွင် ယင်းနေရာ၌ သတ်ဖြတ်ခံရမှုကြောင့် သေဆုံးခဲ့ရသည်။ "စစ်တပ်တွေ ပစ်ခတ်တော့ လူတွေလည်းထွက်ပြေးကြတယ်၊ တချို့က ဘုန်းကြီးကျောင်းထဲမှာ ပုန်းနေခဲ့ကြတာ"၊ "ယောကျ်ားအားလုံးကို ထိုင်ခိုင်းပြီး ပစ်သတ်ခဲ့တာ" ဟု ရှင်သန်လွတ်မြောက်လာသူတစ်ဦးကဆိုသည်။[2]

၂။ တရားမဝင်အာဏာသိမ်းပြီး သုံးနှစ်ကျော်ကြာချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏ စစ်တပ်များသည် နိုင်ငံရပ်ခြားမှရရှိသော အင်အားကြီးစစ်လက်နက်များကို အသုံးပြုပြီး မြန်မာပြည်သူလူထုအပေါ် စနစ်တကျ ဆက်လက် ဖိနှိပ်ခြယ်လှယ်လျက်ရှိသည်။ လက်ထုတ္တောရွာတိုက်ခိုက်မှုမှ ရှင်သန်လွတ်မြောက်လာသူတစ်ဦး၏ ထွက်ဆိုချက်အတိုင်း စစ်တပ်သည် အင်အားချိနဲ့လာသည်ဖြစ်နိုင်သော်လည်း ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုမှာမူ ခက်ထန်ဆဲဖြစ်သည်။

၃။ အာဏာသိမ်းပြီးကတည်းက ပြည်သူပေါင်း ၅,၀၀၀ ကျော်အသတ်ဖြတ်ခံထားရပြီဖြစ်ပြီး၊ လူထု ၃ သန်းခန့်တို့ နေရပ်စွန့်ခွာကြရကာ၊ နိုင်ငံရေးအကျဉ်းသားပေါင်း ၂၀,၀၀၀ ကျော်တို့အကျဉ်းချခံထားရဆဲဖြစ်သည်။ လွန်ခဲ့သော ၆ လတာအတွင်း စစ်တပ်မှ ပြည်သူကို ပစ်မှတ်ထား၍ လေကြောင်းမှတစ်ဆင့် ပစ်ခတ်တိုက်မှုများသည် ၅ ဆတိုးမြင့်ခဲ့ပြီး စစ်တပ်သည် ၎င်း၏ စစ်စခန်းများ၊ နယ်မြေပိုင်နက်များနှင့် စစ်ကြောင်းများကို ကာကွယ်ရေးအင်အားစုများအောက် ဆက်လက်ကျရှုံးခဲ့ရသည်။[3] စစ်ကောင်စီသည်

---

[1] မိုးဦး၊ "မြန်မာစစ်တပ်က စစ်ကိုင်းတိုင်းတွင် အယောက် ၃၀ ကျော်တို့ကို အစုပြုလိုက်သတ်ဖြတ်"၊ မြန်မာနောင်း သတင်း၊ ၂၀၂၄ မေလ ၁၃ ရက်နေ့။ https://myanmar-now.org/en/news/myanmar-military-massacres-more-than-30-in-sagaing- region/.

[2] မြန်မာ အာဏာသိမ်းစစ်တပ်က ဘုန်းကြီးကျောင်းသို့ ဝင်ရောက်တိုက်ခိုက်ပြီး လူဒါဇင်နှင့်ချီ သတ်ဖြတ်ခဲ့"၊ လွတ်လပ်သော အာရှအသံ၊ ၁၃ ရက် မေလ ၂၀၂၄။ https://www.rfa.org/english/news/myanmar/sagaing-monastery-killings-05132024074121.html.

[3] လက်နက်ကိုင် ပဋိပက္ခ နေရာနှင့် ဖြစ်စဉ်ပြ အချက်အလက်၊ ဒေတာ မှီငြမ်းထား၊ https://acleddata.com/ (၂၀၂၄ ဇွန်လ ၆ ရက်နေ့တွင် ဝင်ရောက်ရယူထား၊ ၂၀၂၃ ဇန်နဝါရီမှ အောက်တိုဘာလ ကို ၂၀၂၃ နိုဝင်ဘာမှ ၂၀၂၄ ဧပြီအထိ အချက်အလက်များနှင့် နှိုင်းယှဉ်ထား)

၎င်း၏ သောင်းနှင့်ချီသော စစ်သားများ သေဆုံး၊ ထိခိုက်၊ အလင်းဝင်မှုများကြောင့် ၂၀၂၄ ခုနှစ်အစော ပိုင်းတွင် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းခဲ့သည်။ ယင်းပြဋ္ဌာန်းခဲ့မှုကြောင့် လူထု ဆန့်ကျင်မှု အရှိန်အ ဟုန်မြင့်စေခဲ့ပြီး လူငယ်များသည်လည်း နိုင်ငံတွင်းမှထွက်ခွာခြင်း၊ ပုန်းရှောင်ခြင်း နှင့် အတိုက်အခံ အင် အားစုများအတွင်းသို့ ဝင်ရောက်ခြင်း စသည်တို့ရှိခဲ့သည်။

၄။ ဘေးကျပ်နံကျပ်အခြေအနေတွင် စစ်ကောင်စီသည် ၎င်း၏သက်ဆိုးရှည်စေရန်နှင့် မြန်မာပြည်သူ လူထုအပေါ် တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နိုင်ရန် အဓိက အရင်းအမြစ်နှစ်ရပ်ဖြစ်သည့် - လက် နက်နှင့် ငွေအင်အား - တို့အပေါ် မှီခိုနေသည်။

၅။ ဤ စာတမ်းသည် ၂၀၂၃ ခုနှစ် မေလတွင် ထုတ်ပြန်ခဲ့သည့် အထူးအစီရင်ခံပုဂ္ဂိုလ်၏ "ဒေါ်လာ ဘီလျံ တန် မရဏ ကုန်သွယ်မှု : မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို အခွင့်ပေးနေသည့် နိုင် ငံတကာ လက်နက် ကွန်ယက်များ" အစီရင်ခံစာ ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း စစ်ကောင်စီ၏ လက်နက်များ နှင့် ဆက်စပ် စစ်ပစ္စည်းများဝယ်ယူမှုအခြေအနေကို ဆန်းစစ်သုံးသပ်ထားချက်ဖြစ်သည်။ ဤစာတမ်း တွင် အထူးသဖြင့် ယင်းသို့ လူ့အသက်သေဆုံးမှုများအပေါ် ခုတုံးလုပ်၍ ကုန်သွယ်ကူးသန်းနေမှုများ အ တွင်း နိုင်ငံ တကာ ဘဏ်များ၏ ပါဝင်ပတ်သက်နေမှုအခန်းကဏ္ဍနှင့် စစ်ကောင်စီ၏ စစ်ဘက်ဆိုင်ရာ လက်နက်များနှင့် ရန်ပုံငွေများ ရယူလက်လှမ်းမှီနိုင်နေမှုအား ကန့်သတ်ရန် မည်သည့်အရာများ လုပ် ဆောင်နိုင်မည် စသည့်အကြောင်းအရာများအပေါ် အသားပေး ဖော်ပြထားသည်။

၆။ သတင်းကောင်းတစ်ခုကိုတင်ပြရလျှင် နိုင်ငံတကာ လူမှုအသိုင်းအဝိုင်းသည် လွန်ခဲ့သောနှစ်များ အတွင်း မြန်မာနိုင်ငံအတွင်းသို့ လက်နက်များနှင့် ရန်ပုံငွေများစီးဆင်းမှုကို ဟန့်တားရန် အရေးယူ ဆောင် ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့ပြီး ယင်းအရေးယူမှုများသည် အကျိုးသက်ရောက်မှုရှိသည်။ တရား ဝင်ဘဏ်စနစ် လမ်းကြောင်းများမှ တစ်ဆင့် စစ်ကောင်စီ၏ လက်နက်၊ စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံး နည်းပညာများ၊ ကုန်ထုတ် ကိရိယာ နှင့် ပစ္စည်းများစသည်တို့ ဝယ်ယူမှုသည် ၂၀၂၂ ဘဏ္ဍာရေး နှစ် (ဧပြီလ ၂၀၂၂ မှ မတ်လ ၂၀၂၃ အထိ) တွင် အမေရိကန်ဒေါ်လာ ၃၇၇ သန်းမှ ၂၀၂၃ ဘဏ္ဍာရေးနှစ် (ဧ ပြီလ ၂၀၂၃ မှ မတ်လ ၂၀၂၄ အထိ) တွင် အမေရိကန်ဒေါ်လာ ၂၅၃ အဖြစ် သုံးပုံတစ်ပုံအထိ လျော့ကျလာ ခဲ့သည်။

၇။ သတင်းဆိုးတစ်ရပ်မှာမူ စစ်ကောင်စီသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပိတ်ဆို့မှုများနှင့် အခြားအ ရေးယူမှုများကို ကျော်ခွနိုင်သည့် အခွင့်ကောင်းများအား အမိအရ ရယူလုပ်ဆောင်လျက်ရှိသည်။ စစ် တပ်သည် ပိတ်ဆို့အရေးမှုများတွင်ရှိနေသည့် လစ်ဟာမှုများကို အခွင့်ကောင်းယူကာ ၎င်း၏ လက်နက်

နှင့် စစ်ဘက်ဆိုင်ရာပစ္စည်းများရနေသည့် အရင်းအမြစ်ကို ပြောင်းလဲပစ်ပြီး၊ ဘဏ္ဍာရေး အဖွဲ့အစည်းများကိုလည်း အသွင်ကူးပြောင်းလဲကာ၊ အဖွဲ့ဝင်နိုင်ငံများမှ ၎င်းအား အရေးယူရေး ပူးပေါင်းလုပ်ဆောင်ဖိအားပေးရန် နိုင်ငံရေးအရသဘောထားမရှိမှုကို အခွင့်ကောင်းယူအသုံးချခဲ့သည်။

၈။ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများသည် စစ်ကောင်စီအား သက်ဆိုးရှည်ရန်နှင့် ပြည်သူလူထုအပေါ် တိုက်ခိုက်နိုင်ရန် နည်းပေးလမ်းပေးရာတွင် အထူးအရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေသည်။ နိုင်ငံရပ်ခြား ဘဏ္ဍာရေး အဖွဲ့အစည်းများသည် စစ်ကောင်စီ၏ထိန်းချုပ်မှုလက်အောက်ရှိ နိုင်ငံတော်ပိုင်ဘဏ်များနှင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား အပြန်အလှန်လုပ်ဆောင်နေကြောင်း နှင့် စစ်ကောင်စီ၏ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ဘက်ဆိုင်ရာ ဝယ်ယူမှုများနှင့် စပ်လျဉ်းသည့် လွှဲပြောင်းမှုကို ဆက်လက်လုပ်ဆောင်ပေးနေကြောင်းဖော်ပြသည့် လျှို့ဝှက် စာရွက်စာတမ်းများကို အထူးအစီရင်ခံပုဂ္ဂိုလ်က ကြည့်ရှုခွင့်ရခဲ့သည်။ စစ်ကောင်စီထိန်းချုပ်သည့် ဘဏ်များနှင့် စီးပွားကူးသန်းရောင်းဝယ်မှုများ လုပ်ဆောင်လိုသည့် ဆန္ဒရှိကြောင်း ပြသသည့် ဘဏ္ဍာရေးအဖွဲ့အစည်းများအပေါ် မှီခိုခြင်းအားဖြင့်နှင့် နိုင်ငံတကာ ပိတ်ဆို့မှုများအား ရှောင်လွှဲနိုင်သည့် မြန်မာနိုင်ငံအခြေပြု ဘဏ်များမှတစ်ဆင့်ပြောင်းလဲလုပ်ဆောင်ခြင်းအားဖြင့် စစ်ကောင်စီသည် ပြည်သူလူထုအပေါ် လေကြောင်းမှတစ်ဆင့် တိုက်ခိုက်မှုများအပါအဝင် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများစနစ်တကျကျူးလွန်ရန် လိုအပ်သည့် ဘဏ္ဍာရေးရာဝန်ဆောင်မှုများကို ဆက်လက်ရယူ လက်လှမ်းမီနိုင်နေခဲ့သည်။ ယင်းဝန်ဆောင်မှုများသည် စစ်ကောင်စီကို လက်နက်များနှင့် စစ်ဘက်ဆိုင်ရာအသုံးပြုသည့် အခြားပစ္စည်းကိရိယာများအား ဝယ်ယူနိုင်ရန်နှင့်၊ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတချမ်းသာမှုများမှတစ်ဆင့် ရောင်းချရရှိငွေအပါအဝင် နိုင်ငံခြားဝင်ငွေများအား ၎င်းလက်ထဲသို့ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်နိုင်ရန် အခွင့်ပေးနေသည်။

## က။ နိုင်ငံနှစ်ခုမှာ ပုံပမာ : စင်္ကာပူနှင့် ထိုင်းနိုင်ငံ

၉။ အထူးအစီရင်ခံပုဂ္ဂိုလ်၏ "ဒေါ်လာ ဘီလျံတန် မရဏ ကုန်သွယ်မှု" စာတမ်းထုတ်ပြန်ပြီးနောက်ပိုင်း အာဆီယံအစိုးရ နှစ်ရပ်တို့၏ တုံ့ပြန်ဆောင်ရွက်မှုသည် စစ်ကောင်စီအနေဖြင့် မြန်မာနိုင်ငံပြင်ပမှ စီးဆင်းလာသော လက်နက်နှင့်ဝင်ငွေများကို နိုင်ငံတစ်နိုင်ငံမှအခြားတစ်နိုင်ငံသို့ ဝယ်ယူမှု အလှည့်အပြောင်းလုပ်လိုက်ခြင်းအားဖြင့် မည်သို့ ထိန်းသိမ်းနိုင်ကြောင်းပြသနေသည့် ပြောစမှတ် ဥပမာတစ်ခုပင်ဖြစ်သည်။

၁၀။ စင်္ကာပူအခြေစိုက် အသင်းအဖွဲ့များသည် အာဏာသိမ်းစစ်တပ်အား လက်နက်ပစ္စည်းများ ဖြည့်တင်းပေးနေသည့် တတိယမြောက် အကြီးဆုံး အရင်းအမြစ်တစ်ခုဖြစ်ကြောင်း အထက်ပါအစီရင်ခံစာမှ

တွေ့ရှိချက်အပေါ် စက်ာပူအစိုးရက သတိကြီးစွာဖြင့် တုံ့ပြန်ခဲ့သည်။ စက်ာပူသည် မြန်မာနိုင်ငံသို့ လက်နက်များလွှဲပြောင်းမှုကို ဆန့်ကျင်သည့် ရှင်းလင်းသောမူဝါဒတစ်ရပ်ကို ရည်ညွှန်းဖော်ပြခဲ့ပြီး ယင်းမူဝါဒသည် မြန်မာစစ်တပ်အာဏာသိမ်းပြီး ၅ လအကြာ၊ ၂၀၂၁ ခုနှစ် ဇွန်လတွင် အများစုလိုက်လှဲထောက်ခံမှုဖြင့် လက်ခံအတည်ပြုခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ဆောင်ရွက်ချက်နှင့် ကိုက်ညီသည်။[4] အထူးအစီရင်ခံပုဂ္ဂိုလ်၏ အစီရင်ခံစာတွင် ရှင်းလင်းစွာတင်ပြထားသည့်အတိုင်း စက်ာပူအစိုးရကိုယ်တိုင်ပါဝင်ပတ်သက်နေသည့် သက်သေအထောက်အထားမရှိကြောင်းနှင့် စက်ာပူအစိုးရအနေဖြင့်လည်း ယင်းသို့လွှဲပြောင်းမှုများရှိနေကြောင်းကိုပင် သတိမမူမိကြောင်းဆိုသည်။

၁၁။ အစီရင်ခံစာပါတွေ့ရှိချက်များအား အစိုးရမှ စုံစမ်းစစ်ဆေးရာတွင် စက်ာပူနိုင်ငံတွင်းမှတ်ပုံတင်ထားသည့် ကုမ္ပဏီများမှ မြန်မာနိုင်ငံအတွင်းသို့ လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ပေးပို့စီးဆင်းမှုသည် ၉၀ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့သည်။ ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် စက်ာပူအခြေစိုက်ဘဏ်များသည် တရားဝင်ဘဏ်စနစ်များမှတစ်ဆင့် ဖြတ်သန်းခဲ့သည့် စစ်ကောင်စီ၏ ဝယ်ယူမှုများ၏ ၇၀ ရာခိုင်နှုန်းကျော်တို့ကို လက်ခံလုပ်ဆောင်ခဲ့ပြီး၊ ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင်မူ ၂၀ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကာ၊ ယင်းဝယ်ယူမှုအများစုတို့မှာ ၂၀၂၃ ဘဏ္ဍာရေးနှစ် ပထမသုံးလဖြတ်အတွင်း ဝယ်ယူခဲ့ခြင်းဖြစ်သည်။

၁၂။ မည်သို့မျှမမူပဲ စစ်ကောင်စီသည် စစ်တပ်အတွက် လက်နက်များနှင့် ပစ္စည်းများကို ဖြည့်တင်းနိုင်မည့် အခြားလုပ်ပိုင်ခွင့်အရင်းအမြစ်များကို ရှာကြံခဲ့သည်။ ဝေးဝေးပင်ရှာဖို့မလိုခဲ့ပေ။ စက်ာပူနှင့်မတူသည်မှာ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံသို့ လက်နက်များ လွှဲပြောင်းမှုကို ဆန့်ကျင်သည့် တိကျသော အများပြည်သူ မူဝါဒ တစ်ရပ်ရပ် မထားရှိထားပါ။ တရားဝင်ဘဏ်စနစ်အသုံးပြု၍ စက်ာပူနိုင်ငံတွင်း မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများမှ လက်နက်များနှင့် ဆက်စပ်ပစ္စည်းများအား တင်ပို့မှုသည် ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၂၀ မှ ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်အထိသာ လျော့ကျလာခဲ့သော်လည်း၊ ထိုင်းနိုင်ငံအတွင်းမှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများမှ တင်ပို့မှုများမှာမူ - ယင်းနှစ်များအကြား အမေရိကန်ဒေါ်လာ သန်း ၆၀ မှ သန်း ၁၃၀ အထိ နှစ်ဆကျော် မြင့်တက်ခဲ့သည်။ ပြည်သူလူထုအား ပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှုများလုပ်ဆောင်သည့် Mi-17 နှင့် Mi-35 ရဟတ်ယာဉ်များအတွက် အစိတ်အပိုင်းများအပါအဝင် စစ်ကောင်စီ၏ ဝယ်ယူမှုအများစုတို့သည် ယခင်က စက်ာပူအခြေစိုက် အဖွဲ့အစည်းများမှ ဝယ်ယူခဲ့ခြင်းဖြစ်သော်လည်း ၎င်းတို့သည် ယခုအခါတွင် ထိုင်းနိုင်ငံမှတစ်ဆင့် ရရှိနေခြင်းဖြစ်သည်။

[4] အထွေထွေညီလာခံ ဆုံးဖြတ်ဆောင်ရွက်ချက်အမှတ် ၇၅/၂၈၇၊ "မြန်မာနိုင်ငံတွင်း အခြေအနေ"၊ ၂၀၂၁ ခုနှစ် ဇွန် ၁၈ ရက်၊ ကုလမှတ်တမ်းအမှတ် A/RES/75/287

၁၃။ Siam Commercial Bank အပါအဝင် ထိုင်းနိုင်ငံရှိ ဘဏ်များသည် ယင်းအလှည့်အပြောင်းတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ခဲ့သည်။ Siam Commercial Bank သည် ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် မြန်မာစစ်တပ်၏ ဝယ်ယူမှုနှင့်စပ်လျဉ်း၍ အမေရိကန်ဒေါ်လာ ၅ သန်းကျော်သာ လက်ခံလုပ်ဆောင်ပေးခဲ့သော်လည်း ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင်မူ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်အထိ တစ်ဟုန်ထိုး မြင့်တက်ခဲ့သည်။

၁၄။ စက်ာပူဖြစ်စဉ်ကဲ့သို့ပင် အထူးအစီရင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံအစိုးရမှ ပါဝင်ပတ်သက်ကြောင်း၊ ယင်းသို့ လွှဲပြောင်းမှုများကို သတိမူမိကြောင်းတို့ကို သက်သေအထောက်အထား မတွေ့ရှိခဲ့ရပါ။ ထိုင်းနိုင်ငံအစိုးရအနေဖြင့် စက်ာပူအစိုးရမှ လွန်ခဲ့သောတစ်နှစ်တာကာလက တုံ့ပြန်ခဲ့သည့်အတိုင်း အလားတူတုံ့ပြန်ခဲ့ပါကမူ မြန်မာပြည်သူလူထုအပေါ် စစ်ကောင်စီ၏တိုက်ခိုက်နိုင်စွမ်းသည်လည်း သိသိသာသာ လျော့ကျခဲ့မည်ဖြစ်သည်။

## ခ။ နိုင်ငံတကာ ဘဏ္ဍာရေးစနစ်အား စစ်ကောင်စီ၏ ရယူလက်လှမ်းမှီမှု

၁၅။ အထူးအစီရင်ခံပုဂ္ဂိုလ်၏ စစ်တမ်းအရ စစ်ကောင်စီသည် ကျယ်ပြန့်သော နိုင်ငံတကာ ဘဏ်လုပ်ငန်းကွန်ယက်နှင့် ဆက်လက်စေ့စပ်လုပ်ဆောင်နေကြောင်း တွေ့ရသည်။ အထူးအစီရင်ခံပုဂ္ဂိုလ်သည် အာဏာသိမ်းပြီးကတည်းက မြန်မာနိုင်ငံ၏ နိုင်ငံတော်ပိုင်ဘဏ်များနှင့် ဆက်ဆံရေးရှိနှင့်ပြီးသော နိုင်ငံတကာ ဘဏ်ပေါင်း ၁၀၀ ကျော်တို့ထံ ဆက်သွယ်ခဲ့သည်။ ယင်း ဘဏ်အမြောက်အများတို့က ၎င်းတို့၏ လုပ်ငန်းလုပ်ဆောင်မှုများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လက်ခံအားပေးရာမရောက်ကြောင်း သေချာစေရန် ထိရောက်သည့် စိစစ်မှုများအတိုင်း လိုက်နာလုပ်ဆောင်ခဲ့ကြောင်း ဆိုသည်။ သို့သော်လည်း အထူးအစီရင်ခံပုဂ္ဂိုလ်မှ ကြည့်ရှုခဲ့ရသည့် သက်သေအထောက်အထားများအရ နိုင်ငံပေါင်း ၇ နိုင်ငံရှိ ဘဏ်ပေါင်း ၁၆ ခုတို့သည် စစ်ကောင်စီ၏ စစ်ဘက်ဆိုင်ရာ ဝယ်ယူမှုများနှင့် စပ်လျဉ်းသည့် လွှဲပြောင်းမှုများ လက်ခံလုပ်ဆောင်ထားကြောင်းတွေ့ရသည်။ အနည်းဆုံး ဘဏ် ၂၅ ခုတို့သည် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ နိုင်ငံတော်ပိုင်ဘဏ်များနှင့် အပြန်အလှန် ဘဏ်လုပ်ငန်းများလက်ခံလုပ်ဆောင်ထားခဲ့သည်။

၁၆။ မြန်မာနိုင်ငံအတွင်းတွင်မူ စစ်ကောင်စီသည် နိုင်ငံခြားမှ စစ်ဘက်ဆိုင်ရာ ပစ္စည်းများ ဝယ်ယူဖြည့်တင်းရန် နိုင်ငံတော်ပိုင်ဘဏ်ဖြစ်သည့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) အပေါ် အထူးမှီခို အားထားနေခဲ့သည်။ ၂၀၂၃ ခုနှစ် ဇွန်လတွင် အမေရိကန်ပြည်ထောင်စုသည် MFTB နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှု

နှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) တို့အပေါ် ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ ယင်းပိတ်ဆို့မှုကို အာဏာသိမ်းစစ်တပ်သည် ဘဏ်လုပ်ငန်းအမြောက်အများတို့ကို ပိတ်ဆို့ထားခြင်းမရှိသော နိုင်ငံတော်ပိုင်ဘဏ်ဖြစ်သည့် - မြန်မာ့ စီးပွားရေးဘဏ် (MEB) - မှတစ်ဆင့် လုပ်ဆောင်ခြင်းအားဖြင့် တုံ့ပြန်ခဲ့သည်။ ယင်းဘဏ်လုပ်ငန်းများတွင် စစ်ဘက်ဆိုင်ရာ ဝယ်ယူမှုများ၊ နိုင်ငံတကာ အခွန်များနှင့် အခကြေးငွေများ ရယူလက်ခံမှု၊ နိုင်ငံပိုင်လုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေများအား ၎င်းတို့လက်ဝယ်ပြန်လည်ရောက်ရှိအောင် လက်လွှဲယူမှု စသည်တို့ပါဝင်သည်။

၁၇။ ၂၀၂၃ ဘဏ္ဍာရေးနှစ်၏ ပထမသုံးလဖြတ်တွင် မြန်မာ့စီးပွားရေးဘဏ်သည် ပြည်ပသို့အထွက် လွှဲပြောင်းမှု အမေရိကန်ဒေါ်လာ သန်း ၅၀ ကျော်အထိ လုပ်ဆောင်ခဲ့ပြီး အများစုတို့မှာ စစ်ကောင်စီနှင့် စစ်ကောင်စီ ထိန်းချုပ်သည့် အစုအဖွဲ့များမှ ဝယ်ယူသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက်ဖြစ်ကာ၊ ပြည်တွင်းသို့ ၎င်း၏ အဝင်လွှဲပြောင်းလက်ခံမှုမှာ အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ရှိခဲ့သည်။ ၂၀၂၃ ဘဏ္ဍာရေးနှစ်၏ တတိယသုံးလဖြတ်၊ ယင်းပြက္ခဒိန်နှစ်၏ နောက်ဆုံးသုံးလအတွင်းတွင်မူ မြန်မာ့စီးပွားရေးဘဏ်သည် အထွက် အမေရိကန်ဒေါ်လာ သန်း ၁၆၀ ကျော်အထိ လွှဲပြောင်းခဲ့ပြီး၊ အဝင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်အထိ လက်ခံခဲ့ကာ၊ ၎င်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းမှ ရရှိသည့် လစဉ်ထိုင်းဘတ်ဖြင့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၅ သန်းလည်းအပါအဝင်ဖြစ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် နိုင်ငံတကာဘဏ်စနစ်အား မြန်မာ့စီးပွားရေးဘဏ်မှ ရယူအသုံးပြုနေနိုင်မှု အပေါ် အတူတကွပူးပေါင်းပိတ်ဆို့မှုများမှတစ်ဆင့် ဟန့်တားရန် လိုအပ်ပါသည်။

၁၈။ တစ်ဆက်တည်းတွင် စစ်ကောင်စီမှ လေကြောင်းဖြင့် တိုက်ခိုက်မှုများကျူးလွန်ရန် လိုအပ်သည့် ဂျက်လေယာဉ်ဆီများဖြည့်သွင်းပေးနေသည့် တစ်သီးပုဂ္ဂလများနှင့် အသင်းအဖွဲ့များအပေါ် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ ဥရောပသမဂ္ဂ၊ ကနေဒါနိုင်ငံနှင့် သြစတြေးလျနိုင်ငံတို့၏ ပိတ်ဆို့မှုများ ရှိနေသည့်ကြားမှ စစ်တပ်သည် ဂျက်လေယာဉ်ဆီများကို ရရှိနေဆဲဖြစ်သည်။ ယင်းရယူမှုကို ဖြတ်တောက်ရန် အရေးယူမှုများ ဆထက်ထမ်းပိုး ထပ်မံလုပ်ဆောင်ရမည်ဖြစ်သည်။

၁၉။ စစ်တပ်၏ လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ရယူနိုင်မှုကို ရုပ်လုံးကြွကြွ လျှော့ချရန်မှာ အစိုးရများအနေဖြင့် ပြင်းထန်သော၊ အတူတကွပူးပေါင်းမှုရှိသောနှင့် အသက်ဝင်သော အရေးယူမှုများကို သိသိသာသာ တိုးမြှင့်လုပ်ဆောင်ကြရန် အခရာကျသည်။ ဘဏ္ဍာရေးအဖွဲ့အစည်းများအနေဖြင့်လည်း စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်မှုကို အားပေးအားမြှောက်မပြုရန် ၎င်းတို့၏ တာဝန်ရှိမှုများအတိုင်း တင်းကြပ်စွာ လိုက်နာကြရန်အပြင်၊ မြန်မာနိုင်ငံအ

တွက် ယင်းသို့တာဝန်ရှိမှုအားကျေပွန်အောင် တိကျသည့် အရေးယူမှုများအဆင့်ဆင့်လုပ်ဆောင်ရန် အထူးအရေးကြီးပါသည်။

၂၀။ ယင်းအရေးယူမှုများအား ဝန်းရံထောက်ခံရန်အတွက် အထူးအစီရင်ခံပုဂ္ဂိုလ်သည် အဆင်သင့်ရှိပါသည်။ အထူးအစီရင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံအတွင်း ဆက်လက်ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှု များအား အားပေးအားမြှောက်ပြုစေရာတွင် သို့မဟုတ် အားနည်းယုတ်လျော့စေရာတွင် ပါဝင်သော အစိုးရများ၊ ဘဏ်များနှင့် အခြားသူများ၏ အခန်းကဏ္ဍများကို မီးမောင်းထိုးပြပေးမည့် သုတေသနများဆက်လက်လုပ်ဆောင်သွားရန်နှင့် တွေ့ရှိချက်များအား ဆက်လက်ထုတ်ပြန်သွားရန် ကတိကဝတ်ပြုရည်သန်ပါသည်။

## ၂။ လုပ်ပိုင်ခွင့် နှင့် နည်းနိသယ

၂၁။ မြန်မာနိုင်ငံတွင်းလူ့အခွင့်အရေးအခြေအနေရပ်များဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အထူးအစီရင်ခံပုဂ္ဂိုလ်သည် ဤ အစည်းအဝေးစာတမ်းကို လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ဆောင်ရွက်ချက်အမှတ် ၅၅/၂၀ အရ ဖော်ဆောင်အပ်နှင်းလိုက်သည့် ၎င်း၏ လုပ်ပိုင်ခွင့်နှင့်အညီ တင်ပြအပ်ပါသည်။ ယင်း လုပ်ပိုင်ခွင့်တာဝန်အရ အထူးအစီရင်ခံပုဂ္ဂိုလ်သည် "မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးအခြေအနေရပ်များအား လေ့လာစောင့်ကြည့်ရန်" နှင့် "ဆက်လက်ဖြစ်ပွားနေသော အကြပ်အတည်းအား ဖြေရှင်းရန်လိုအပ်သည့် ဖြည့်စွက်လုပ်ဆောင်ချက်များအပေါ် အကြံပြုချက်များကို အကြောင်းအရာပိုင်းဆိုင်ရာအစီရင်ခံစာများနှင့် အစည်းအဝေးစာတမ်းများမှတစ်ဆင့်အပါအဝင် ပေးအပ်ရန်" လိုအပ်သည်။[5]

၂၂။ ဤအစည်းအဝေးစာတမ်းသည် အာဏာသိမ်းစစ်တပ်၏ လက်နက်နှင့် ဆက်စပ်ပစ္စည်းရရှိနေမှုအား အထောက်အကူပြုရာတွင် သို့မဟုတ် ဟန့်တားရာတွင် နိုင်ငံတကာ လူမှုအသိုင်းအဝိုင်း၏ ပါဝင်ပတ်သက်နေသည့် အခန်းကဏ္ဍအကြောင်း ကမ္ဘာ့ကုလသမဂ္ဂ အထူးအစီရင်ခံပုဂ္ဂိုလ်မှ ရေးသားထုတ်ပြန်သည့် အထူး စာတမ်းစဉ်များအနက် တတိယမြောက်စာတမ်းဖြစ်သည်။

၂၃။ ၂၀၂၂ ခုနှစ်တွင်ထုတ်ပြန်ခဲ့သည့် ပထမစာတမ်းဖြစ်သည့် "ရက်စက်ကြမ်းကြုတ်မှုများအား အားပေးနေခြင်း : မြန်မာစစ်တပ်ထံသို့ ကု လသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ လက်နက်လွှဲပြောင်းမှုများ" စာတမ်းသည် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာစစ်တပ်သို့ လက်နက်ဖြည့်တင်းပေးနေသည့် နိုင်ငံများအကြောင်းအ

[5] လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ဆောင်ရွက်ချက်အမှတ် ၅၅/၂၀၊ "မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးအခြေအနေ"၊ ၂၀၂၄ ဧပြီ ၉ ရက်၊ ကုလမှတ်တမ်းအမှတ် A/HRC/RES/55/20၊ စာပိုဒ် ၄၆။

သားပေးဖော်ပြခဲ့ခြင်းဖြစ်သည်။[6] ယခင်နှစ်တွင် ထုတ်ပြန်ခဲ့သည့် "ဒေါ်လာ ဘီလျံတန် မရဏ ကုန်သွယ်မှု : မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို အခွင့်ပေးနေသည့် နိုင်ငံတကာ လက်နက် ကွန်ယက်များ" စာတမ်းသည် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တွင် မြန်မာစစ်တပ်သို့ လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ဖြည့်တင်းပေးခဲ့သည့် လက်နက်ကုန်သွယ်ရေးကွန်ယက်များအကြောင်းနှင့် ယင်းပစ္စည်းများဝယ်ယူရန် စစ်ကောင်စီလိုအပ်သည့် နိုင်ငံခြားဝင်ငွေများပေးအပ်ခဲ့သည့် မြန်မာနိုင်ငံပိုင် လုပ်ငန်းများအကြောင်းတို့ကို အသားပေးဖော်ပြခဲ့သည်။[7]

၂၄။ ဤစာတမ်းသည် "ဒေါ်လာ ဘီလျံတန် မရဏ ကုန်သွယ်မှု" စာတမ်းထုတ်ပြန်ခဲ့ပြီး နောက်ပိုင်း စစ်ကောင်စီအနေဖြင့် လက်နက်နှင့် စစ်ဘက်ဆိုင်ရာ ပစ္စည်းများအား မည်သို့ရယူနေကြောင်းနှင့်၊ တရားဝင်ဘဏ်စနစ်မှတစ်ဆင့် စစ်ကောင်စီ၏ စစ်ဘက်ဆိုင်ရာဝယ်ယူမှုများကို လက်ခံလုပ်ဆောင်ပေးခြင်းအားဖြင့် ၎င်းရယူနေမှုတွင် နိုင်ငံတကာဘဏ်များမှပါဝင်ပတ်သက်ခဲ့သည့်၊ ဆက်လက်ပါဝင်ပတ်သက်နေသည့် အခန်းကဏ္ဍအကြောင်း စိစစ်သုံးသပ်ပြထားသည်။ ဤစာတမ်းပါတွေ့ရှိချက်များတွင် ကုန်စည်ကုန်သွယ်မှု သို့မဟုတ် ငွေမာဖြင့် ဝယ်ယူမှု စသည့် စစ်တပ်မှဝယ်ယူနေသည့် လမ်းကြောင်းများအကြောင်းမပါဝင်ပါ။ သို့ဖြစ်ရာ ဤစာတမ်းတွင်ဖော်ပြထားသည့် ငွေကြေးပမာဏများသည် လက်နက်နှင့်ဆက်စပ်ပစ္စည်းများ ကုန်သွယ်မှုပုံစံအားလုံးကို ထည့်သွင်းစဉ်းစားပြခဲ့သည့် "ဒေါ်လာ ဘီ လျံတန် မရဏ ကုန်သွယ်မှု" တွင်ဖော်ပြထားသည့် ပမာဏများနှင့် နှိုင်းယှဉ်၍မရပါ။

၂၅။ ဤစာတမ်းကို ရေးသားရန်အတွက် အထူးအစီရင်ခံပုဂ္ဂိုလ်သည် အများသုံး အရင်းအမြစ်ပေါင်းစုံတို့ကို ခရေစေ့တွင်းကျကျ သုတေသနပြုလုပ်ခဲ့ပြီး၊ ကော်ပိုရိတ် မှတ်တမ်းများနှင့် အများပြည်သူအစီရင်ခံစာများစသည်တို့ကို ဖတ်ရှုခဲ့သည်။ အထူးအစီရင်ခံပုဂ္ဂိုလ်သည့် လျှို့ဝှက်ထိန်းသိမ်းအပ်သော အရင်းအမြစ်များမှလည်း ခိုင်လုံသည့် သတင်းအချက်အလက်များကို လက်ခံရရှိခဲ့ကာ လုံခြုံရေးစိုးရိမ်ရမှုများကြောင့် ယင်းမှီငြမ်းမှုများကို ဤစာတမ်းတွင် အသေးစိတ်မဖော်ပြထားပါ။ ကုန်သွယ်မှုဒေတာအချက်

[6] မြန်မာနိုင်ငံတွင်းလူ့အခွင့်အရေးအခြေအနေရပ်များဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အထူးအစီရင်ခံ ပုဂ္ဂိုလ်၊ "ရက်စက်ကြမ်းကြုတ်မှုများကို အခွင့်ပေးနေခြင်း၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ မြန်မာစစ်တပ်သို့ လက်နက်လွှဲပြောင်းမှုများ"- ကုလမှတ်တမ်းအမှတ် A/HRC/49/CRP.၁၊ ၂၀၂၂ ဖေဖော်ဝါရီ ၂၂။ https://www.ohchr.org/en/documents/thematic-reports/ahrc49crp1-conference-room-paper-special- rapporteur-enabling-atrocities.

[7] မြန်မာနိုင်ငံတွင်းလူ့အခွင့်အရေးအခြေအနေရပ်များဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အထူးအစီရင်ခံ ပုဂ္ဂိုလ်၊ "ဒေါ်လာ ဘီလျံတန် မရဏ ကုန်ကွယ်မှု : မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို အခွင့်ပေးနေသည့် နိုင်ငံတကာ လက်နက် ကွန်ယက်များ"၊ ကုလမှတ်တမ်းအမှတ် A/HRC/53/CRP.2၊ ၂၀၂၃ မေလ ၁၇ ရက်။ https://www.ohchr.org/sites/default/files/documents/countries/myanmar/crp-sr-myanmar-2023-05- 17.pdf.

အလက်များကိုလည်း အတိအကျမဖော်ပြပဲ ယင်းအစား လုံးပေါင်းဖြင့်သာဖော်ပြခြင်းအပါအဝင် အရင်းအမြစ်များ၏ မည်သူမည်ဝါထံမှဖြစ်ကြောင်း အချက်အလက်များကိုလည်း ဖုံးကွယ်ပေးထားပါသည်။ ဤ အစည်းအဝေးစာတမ်းအတွက် သတင်းအချက်အလက်ပေးအပ်ခဲ့သူများကိုလည်း အထူးအစီရင်ခံပုဂ္ဂိုလ်က လှိုက်လှဲစွာ ကျေးဇူးတင်ရှိအပ်ပါသည်။

၂၆။ အထူးအစီရင်ခံပုဂ္ဂိုလ်သည် စစ်ကောင်စီ၏ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား လုပ်ကိုင်ပေးနေသည့် အသင်းအဖွဲ့/ဌာနများမှ ဝယ်ယူခဲ့သည့် စစ်ဘက်ဆိုင်ရာဝယ်ယူမှုနှင့်၊ ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အကြား တရားဝင် နိုင်ငံတကာ ဘဏ်စနစ်မှတစ်ဆင့် လွှဲပြောင်းမှု ပမာဏပေါင်း အမေရိကန်ဒေါ်လာ သန်း ၆၃၀ ကျော်တို့နှင့်စပ်လျဉ်းသည့် ဒေတာအချက်အလက်များအား စိစစ်သုံးသပ်ခဲ့သည်။ စစ်ဘက်ဆိုင်ရာအသုံးပြုရန်ဝယ်ယူခဲ့သည့် ကုန်စည်များတွင် လက်နက်များ၊ စစ်ဘက်-အရပ်ဘက်သုံး နည်းပညာများ၊ ကုန်ထုတ် ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများပါဝင်ခဲ့သည်။

၂၇။ စစ်ကောင်စီထိန်းချုပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် ဤ စာတမ်းတွင်ဖော်ပြထားသော စစ်ဘက်ဆိုင်ရာပစ္စည်းဝယ်ယူမှု အမေရိကန်ဒေါ်လာ သန်း ၆၃၀ အားလုံးတို့ကို အတည်ပြုပေးချေခဲ့သည်။ နောက်ထပ်သက်သေ အရင်းအမြစ်များအရ ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ် ပြက္ခဒိန်နှစ်များတွင်ဖော်ထုတ်တွေ့ရှိခဲ့ရသော စစ်ဘက်ဆိုင်ရာပစ္စည်းဝယ်ယူမှုများအတွက် ကုန်ကျငွေအားလုံးတို့ကို ပေးချေခဲ့ပြီးဖြစ်ကြောင်း တွေ့ရသည်။ ယင်းငွေလွှဲပြောင်းမှုများသည် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၆၃၀ ၏ လေးပုံသုံးပုံကျော်ကို ကိုယ်စားပြုသည်။ ၂၀၂၃ ဘဏ္ဍာရေးနှစ်၏ နောက်ဆုံး၃လဖြတ်ဖြစ်သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ မတ်လ ၃၁ ရက်ကြားဖော်ထုတ်တွေ့ရှိခဲ့ရသည့် ဝယ်ယူမှုများအတွက်မူ စစ်ကောင်စီနှင့် ၎င်းကိုယ်စားဆောင်ရွက်ပေးနေသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများအကြား သဘောတူညီမှုရရှိခဲ့ပြီး အတည်ပြုခဲ့ကြောင်း တွေ့ရသည်။ နောက်ထပ်ရရှိသည့် အရင်းအမြစ်များအား အထူးအစီရင်ခံပုဂ္ဂိုလ်၏ စိစစ်ချက်အရလည်း အဆိုပါဝယ်ယူမှုများကို နောက်ဆုံးတွင်ပေးချေပြီးခဲ့ကြောင်း တွေ့ရသည်။ ၂၀၂၂ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၃ ဘဏ္ဍာရေးနှစ်ပထမသုံးလဖြတ် ၃ ခုတို့နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများတွင် အထင်းသားတွေ့မြင်ရသည့် ကိန်းဂဏန်းအသွားအလာပုံစံများအရ အတည်ပြုခွင့်ပြုလိုက်သော လက်နက်ဝယ်ယူမှုများအတွက် အခကြေးငွေပေးချေမှုများမှာ ပြီးမြောက်သွားပြီဖြစ်ကြောင်း ကောက်နုတ်ချက်ချနိုင်သည်။

၂၈။ အထူးအစီရင်ခံပုဂ္ဂိုလ်သည် နိုင်ငံတကာဘဏ်ပေါင်း ၁၀၀ ကျော်တို့ကို မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ၎င်းတို့၌ရှိသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအကြောင်းနှင့် စစ်ကောင်စီထိန်းချုပ်သည့် မြန်မာနိုင်ငံပိုင်ဘဏ်များနှင့် ဆက်ဆံရေးများအကြောင်းပိုမိုနားလည်သဘောပေါက်နိုင်ရန် စာရေး၍ ဆက်

သွယ်ခဲ့သည်။ ဤစာတမ်းမထုတ်ပြန်မီ အထူးအစီရင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံပိုင် ဘဏ္ဍာရေးအသင်းအဖွဲ့များအား ဝန်ဆောင်မှုပေးနေသည့် ဘဏ်များအခြေစိုက်သည့် နိုင်ငံတိုင်းသို့ ဆက်သွယ်ခဲ့ပြီး၊ ဤစာတမ်းတွင် ဖော်ပြထားသော သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်များ၊ မရှင်းလင်းမှုများ ရှိ/မရှိ မေးမြန်းခဲ့သည်။

၂၉။ ဤ စာတမ်းတွင် ယင်း ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်တစ်လျှောက် အထူးအစီရင်ခံပုဂ္ဂိုလ်ထံသို့ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်များမှ ပေးပို့လာသည့် သတင်းအချက်အလက် အကြောင်းအရာများပါဝင်ပါသည်။ ယင်းသို့ အထူးအစီရင်ခံပုဂ္ဂိုလ်နှင့် စေ့စပ်လုပ်ဆောင်ပေးသည့်အတွက်လည်း အထူးကျေးဇူးတင်ရှိပါသည်။

၃၀။ အထူးအစီရင်ခံပုဂ္ဂိုလ်အနေဖြင့် အိန္ဒိယနိုင်ငံအစိုးရ၏ အကြံပြုချက်အတွက်လည်း ကျေးဇူးတင်ရှိပါသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တမူထူးခြားသည့်အခြေအနေရှိပြီး မြန်မာနိုင်ငံနှင့် ရှည်လျားသောနယ်နိမိတ်ချင်းထိစပ်မှုရှိသဖြင့် လုံခြုံရေးအခြေအနေရ စဉ်းစားရမှုများလည်း ရှိခဲ့သည်။ အိန္ဒိယအစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေရပ်များအတွက် စိုးရိမ်မကင်းဖြစ်ကြောင်းနှင့် စီးပွားရေးကူးလူးဆက်ဆံမှု အကန့်အသတ်ထားခဲ့ကြောင်း မှတ်ချက်ပြုခဲ့သည်။ အိန္ဒိယအစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသော အကြမ်းဖက်မှုများကို ပြင်းထန်စွာဆန့်ကျင်ကြောင်းနှင့် အစောလျင်ဆုံး ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်ရေးအပေါ် ထောက်ခံဝန်းရံကြောင်း ထပ်လောင်း ဖော်ပြထားသည်။